# PHILLY သစ်ပင်စိုက်ပျိုးထိန်းသိမ်းရေး စီမံကိန်း စီမံကိန်းအကြောင်း အနှစ်ချုပ်

PHILADELPHIA PARKS & RECREATION

ကျွန်ုပ်တို့မြို့ကြော်တွင် သာယာပျော်ရွှင်စွာ နေထိုင်နိုင်ရေးသည် ကျန်းမာသန်စွမ်းပြီး ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားသော မြို့ပြသစ်တောများပေါ်တွင် မှီတည်နေပါသည်။ ယင်းသစ်တောများသည် အပူဒဏ်မှ ကာကွယ်ပေးပြီး ကိုယ်စိတ်နှစ်ပါးကို ပိုမိုကျန်းမာစေသည့်အပြင် ရာသီဥတုပြောင်းလဲမှုကို ရင်ဆိုင်ရာ၌ အဓိကကျသော နည်းလမ်းတစ်ခုလည်း ဖြစ်သည်။ 2008 ခုနှစ်နှင့် 2018 ခုနှစ်အတွင်း Philadelphia ၏ မြို့ပြသစ်တော 6% ခန့် လျော့နည်းသွားသည်။ ယင်းပမာဏသည် ဘောလုံးကွင်း 1,000 စာရှိသော သစ်ပင်အရိပ်ရနေရာနှင့် ညီမျှသည်။ ထို့အပြင် ကျွန်ုပ်တို့တစ်မြို့လုံးတွင် သစ်ပင်အရိပ်ရနေရာ အညီအမျှ မရှိပါ။ အချို့ရပ်ကွက်များတွင် သစ်ပင်အရိပ်ရနေရာ 5% အောက်ရှိပြီး အချို့ရပ်ကွက်များတွင် 45% နှင့်အထက်ရှိသည်။

Philly သစ်ပင်စိုက်ပျိုးထိန်းသိမ်းရေး စီမံကိန်းသည် ဤစိန်ခေါ်မှုများအတွက် တုံ့ပြန်ချက်တစ်ခုဖြစ်သည်။ ၎င်းသည် ကျွန်ုပ်တို့၏ မြို့ပြသစ်တော ရှင်သန်ကြီးထွားစေရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် 10 နှစ်ကြာ ဗျူဟာမြောက် စီမံကိန်းတစ်ခုဖြစ်သည်။ စီမံကိန်းကို လမ်းပြပေးနေသည့် အဓိက အချက်သုံးချက်မှာ- သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တရားမျှတမှု၊ ရပ်ရွာလူထု ပါဝင်မှုနှင့် ရေရှည်တည်တံ့မှုတို့ ဖြစ်သည်။ Philly သစ်ပင်စိုက်ပျိုးထိန်းသိမ်းရေး စီမံကိန်းသည် သစ်ပင်များမှ ရရှိလာသော အကျိုးကျေးဇူးများကို အလိုအပ်ဆုံးသော ရပ်ရွာလူထုထံ အကောင်းဆုံး ပံ့ပိုးပေးနိုင်သော နည်းလမ်းများဖြင့် ဖြန့်ဝေရန် ရည်ရွယ်ပါသည်။

## လူထုဦးဆောင်ချဉ်းကပ်နည်း

နေထိုင်သူ 9,000 ကျော်သည် Philly သစ်ပင်စိုက်ပျိုးထိန်းသိမ်းရေး စီမံကိန်း၏ ပန်းတိုင်များကို ကူညီလမ်းပြပေးခဲ့သည်။ ၎င်းတို့၏ စိုးရိမ်ပူပန်မှုများ၊ စိတ်ကူးများနှင့် ဇာတ်လမ်းများကို အားတက်သရော မျှဝေပေးခဲ့သည်။ နေထိုင်သူများ ပါဝင်ဆောင်ရွက်ခွင့်ရရန် နည်းလမ်းများစွာ ရှိခဲ့သည်။

ဘာသာစကား **8** မျိုးဖြင့် စစ်တမ်းကိုဖြေဆိုသူ **7,000** ကျော်

နေထိုင်သူ **847** ဦးသည် ရပ်ရွာအစည်းအဝေး **32** ခုကို တက်ရောက်ခဲ့ကြသည်

ရပ်ကွက် **5** ခုမှ ကိုယ်စားလှယ် **22** ဦး

လူထုသဘောထားရေးရာ ကော်မတီအဖွဲ့ဝင် **28** ဦးသည် နာရီ **300** ကျော် အချိန်ပေးခဲ့သည်

မတူညီသော အဖွဲ့အစည်း **122** ခုဖြင့် အကြောင်းအရာအခြေပြုအလုပ်ရုံဆွေးနွေးပွဲ **7** ခု ဆောင်ရွက်ခဲ့သည်

## စီမံကိန်း ပန်းတိုင်များနှင့် လက်ရှိစေစင် အကြံပြုချက်များ

**1 | သစ်ပင်များ စိုက်ပျိုးထိန်းသိမ်းရေးကို ညှိနှိုင်းပံ့ပိုးရန်**

- အများဆုံးအကျိုးခံစားရမည့် ရပ်ရွာလူထုနှင့် လက်တွဲလုပ်ဆောင်မှုကို ဦးစားပေးပေးပါ
- မြို့ပြသစ်တော ထိန်းသိမ်းစောင့်ရှောက်သူ ရာထူးအသစ်တစ်ရပ် ဖန်တီးပါ
- အစိုးရဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပါ

**2 | လက်ရှိနှင့် နောင်အနာဂတ် မြို့ပြသစ်တောကို ကာကွယ်ရန်**

- ဖော်ဆောင်နေစဉ် ကာလအတွင်း သစ်ပင်များကို ထိန်းသိမ်းကာကွယ်ပါ
- အများပြည်သူပိုင် သစ်တောများနှင့် သဘာဝမြေများကို ကာကွယ်စောင့်ရှောက်ပါ
- မိမိတို့၏ မြေရာပေါ်ရှိ သက်တမ်းရင့်သစ်ပင်များကို ထိန်းသိမ်းစောင့်ရှောက်နိုင်စေရန် နေထိုင်သူများအား ကူညီပေးပါ

**3 | မြို့ပြသစ်တောကို တစ်မြို့လုံးတွင် အညီအမျှ စိုက်ပျိုးရန်**

- ဖော်ဆောင်နေစဉ် ကာလအတွင်း သစ်ပင်များ ပိုမိုစိုက်ပျိုးပါ
- လတောလတ်လတ် စိုက်ပျိုးထားသော သစ်ပင်များကို ထိန်းသိမ်းစောင့်ရှောက်ပါ
- အကျိုးကျေးဇူး များပြားလှသော လမ်းဘေးသစ်ပင်စိုက်ခြင်းကို ဦးစားပေးပေးပါ
- ရာသီဥတုဒဏ်ခံနိုင်သော အနာဂတ်သစ်တောတစ်ရပ်ကို အစီအစဉ်ရေးဆွဲပါ

**4 | သစ်ပင်များကြောင့် နေထိုင်သူများ အပေါ် ဝန်ပိခြင်းကို လျော့နည်းစေရန်**

- အများပြည်သူနေရာရှိ သစ်ပင်များကို ပိုမိုပြုပြင်ထိန်းသိမ်းပါ
- လူသွားလမ်း စီမံကွပ်ကဲသူတစ်ဦး ခန့်အပ်ပါ
- ပုဂ္ဂလိက မြေရာပေါ်တွင် အန္တရာယ်ရှိ သစ်ပင်ဖယ်ရှားခြင်းကို ပံ့ပိုးကူညီပါ

**5 | ပြည်သူများနှင့် ရပ်ရွာလူထုအကျိုးအတွက် ရင်းနှီးမြှုပ်နှံရန်**

- မြို့ပြသစ်တောလုပ်ငန်းရှိ အလုပ်အကိုင်လမ်းကြောင်းများကို တိုးမြှင့်ပါ
- အလုပ်အကိုင်ရှာဖွေရေး အခွင့်အလမ်းများကို တိုးချဲ့ပါ

**6 | နေထိုင်သူများနှင့် ဆက်ဆံပြောဆိုပြီး ဖောက်သည်ဝန်ဆောင်မှုကို ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ရန်**

- အများပြည်သူနေရာရှိ သစ်ပင်များနှင့် ပတ်သက်၍ ရပ်ကွက်သူရပ်ကွက်သားအချင်းချင်း ပိုမိုဆက်သွယ်ပြောကြားပါ
- လူထုအကျိုးပြုသစ်ပင်မြေပုံတစ်ရပ်ကို စီစဉ်ပေးအပ်ပါ
- ဖောက်သည်ဝန်ဆောင်မှုပေးသည့် ဝန်ထမ်းများ ပိုမိုခန့်ထားပါ

**7 | မြို့ပြသစ်တောမှ ရပ်ရွာလူထုအကျိုးခံစားခွင့်ရရှိရေးကို ထောက်ခံအားပေးရန်**

- မြို့ပြသစ်တောလုပ်ငန်း အကြံပြုရေးကော်မတီတစ်ရပ် ဖွဲ့စည်းတည်ထောင်ပါ
- မြို့ပြသစ်တောလုပ်ငန်းဆိုင်ရာ ရပ်ရွာကြိုးပမ်းဆောင်ရွက်သူများကို ခန့်အပ်ပါ
- အနီးအနားရှိ ရပ်ကွက်များကို သဘာဝမြေများနှင့် ဆက်စပ်ပေါင်းစည်းပါ

**8 | သစ်ပင်စိုက်ပျိုးထိန်းသိမ်းရေးတွင် ရပ်ရွာလူထု ပါဝင်လျက်ရှိသည့် နည်းလမ်းများကို ဂုဏ်ပြုအားပေးရန်**

- ယဉ်ကျေးမှု၊ ဘာသာရေးနှင့် အနုပညာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပါ
- အစားအစာ ထွက်လုပ်သည့် သစ်ပင်များ အသုံးပြုရေးကို ပံ့ပိုးကူညီပါ
- Philadelphia ၏ မတူကွဲပြားသော အသိုင်းအဝိုင်းများ၏ ဖစ်ရိပ်ဇာတ်လမ်းများကို အားပေးပေးပါ

### အဓိက ဝေါဟာရများ

**မြို့ပြသစ်တော**
ခါ်ခြင်းများ၊ လမ်းတစ်လျှောက်၊ ပန်းခြံများနှင့် လမ်းကြားများရှိ သစ်ပင်များအပါအဝင် မြို့ပြဧရိယာရှိ သစ်ပင်အားလုံး။

**သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တရားမျှတမှု**
မည်သည့်လူမျိုးဖြစ်စေ၊ ဝင်ငွေပမာဏ မည်ရွေ့မည်မျှရှိသည်ကို မခွဲခြားဘဲ သဘာဝပတ်ဝန်းကျင်နှင့် ကျန်းမာရေး အန္တရာယ်များ မကျရောက်စေရန် ကာကွယ်ပေးမှု။ ဆုံးဖြတ်ချက်ချသည့်လုပ်ငန်းစဉ်တွင် တန်းတူညီမျှ ပါဝင်ခွင့်နှင့် ဘဝနေထိုင်မှု၊ အလုပ်နှင့် လုပ်ရှားကစားခြင်းအတွက် သဘာဝပတ်ဝန်းကျင်ကောင်းတစ်ခုကို သာတူညီမျှစွာ ရရှိခွင့်။

**သစ်ပင်အရိပ်ရနေရာ**
အမြင့်မှ စီး၍ကြည့်လျှင် သစ်ရွက်၊ သစ်ခက်များဖြင့် ဖုံးလွှမ်းနေသည့် မြေပြင်အပိုင်း။

## မြို့ပြသစ်တောသည် ပြည်သူ့အခြေခံအုတ်မြစ်ဖြစ်သည်

သစ်ပင်များသည် မြို့ပြများတွင် ဖန်တီးဖော်ဆောင်နိုင်သော အချိန်ကြာလာသည်နှင့်အမျှ တန်ဖိုးတက်လာသည့် တစ်ခုတည်းသော ရင်းနှီးမြှုပ်နှံမှုဖြစ်သည်။ ၎င်းတို့သည် ပြည်သူ့ကျန်းမာရေးမှသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအထိ မြို့ပြစိန်ခေါ်မှုများစွာကို ကိုင်တွယ်ဖြေရှင်းရန် ထိရောက်သော နည်းလမ်းတစ်ခု ဖြစ်သည်။

### အပူဒဏ်မှ ကျွန်ုပ်တို့ကို ကာကွယ်ပေးခြင်း

Philly တွင် အပူဆုံးနှင့် အအေးဆုံးနေရာများ အကြား 22 ဒီဂရီကွာခြားချက် ရှိသည်။ နွေအပူရှိန် ပြင်းထန်လာသည့်အခါ အပူဒဏ်ကြောင့် ရပ်ရွာအတွင်း ဆိုးရွားသော နာမကျန်းမှုနှင့် သေဆုံးမှုတို့ကို ဖြစ်စေသည်။

### ကိုယ်စိတ်နှစ်ပါး ပိုမိုကျန်းမာပျော်ရွှင်စေသည့် နည်းလမ်းတစ်ရပ်

သစ်ရွက်စိမ်းလေးများကို ကြည့်ခြင်းသည် နှလုံးခုန်နှုန်းမြန်ခြင်းကို လျှော့ချပေးပြီး ကလေးများအတွက် အာရုံစူးစိုက်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်သည်။

### မြို့တော်အတွက် လစေစ်ထုတ်ကိရိယာ

သစ်ပင်နည်းပါးသော ရပ်ကွက်များတွင် ပန်းနာရင်ကျပ်နှင့် နာတာရှည် လေပြွန်ကျဉ်းရောဂါ (COPD) ဖြစ်ပွားမှုနှုန်း ပိုမြင့်သည်။

### ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ဓလေ့ထုံးတမ်းများ၏ တစ်စိတ်တစ်ဒေသ

သစ်ပင်များသည် ကျွန်ုပ်တို့၏ ရိုးရာဓလေ့နှင့် မိမိကိုယ်ကိုယ်နှင့် မိမိအသိုင်းအဝိုင်းကို အသိအမှတ်ပြုသည့် တစ်စိတ်တစ်ဒေသ ဖြစ်သည်။

### ရာသီဥတုပြောင်းလဲမှုကို ရင်ဆိုင်ရန် အဓိကသော့ချက်

Philadelphia ၏ မြို့ပြသစ်တောသည် ကာဗွန်ဒိုင်အောက်ဆိုဒ် (အခြေခံ ဖန်လုံအိမ်ဓာတ်ငွေ့) တန်ချိန်ပေါင်း 2.6 သန်းခန့်ကို သိုလှောင်ပြီး တစ်နှစ်လျှင် နောက်ထပ် ကာဗွန်ဒိုင်အောက်ဆိုဒ် တန်ပေါင်း 99,000 ကို ဖယ်ရှားပြီးသိုလှောင်သည်။

### ကျွန်ုပ်တို့၏ ရေဝေရေလဲဒေသများ အခြေအနေကောင်းမွန်ရေးအတွက် မရှိမဖြစ်

ကျွန်ုပ်တို့၏ ရပ်ကွက်များနှင့် သစ်တောများရှိ သစ်ပင်များသည် မုန်တိုင်းရေကို အရှိန်လျှော့ခြင်း၊ စုပ်ယူခြင်း၊ စစ်ထုတ်ခြင်းနှင့် ၎င်းကို လေထဲသို့ အငွေ့ပျံစေခြင်းဖြင့် စီမံခန့်ခွဲသည်။

## ကျွန်ုပ်တို့၏ အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံမှုတစ်ခု

Philly သစ်ပင်စိုက်ပျိုးထိန်းသိမ်းရေး စီမံကိန်းသည် Philadelphia ရပ်ကွက်များရှိ ပြည်သူ့ကျန်းမာရေးနှင့် ဘဝအရည်အသွေးကို ကြီးကြီးမားမား ပြောင်းလဲစေသော ရင်းနှီးမြှုပ်နှံမှုတစ်ခုအဖြစ် အသွင်ဆောင်သည်။ ကျွန်ုပ်တို့ ယခုစတင်လျှင် ယနေ့ ကျွန်ုပ်တို့ စိုက်ပျိုးသော သစ်ပင်များသည် ကျွန်ုပ်တို့၏ ရပ်ရွာအတွက် အမြင့်မားဆုံး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများ ခံစားနိုင်ရန် နှစ်ပေါင်း 30 ကြာမြင့်ပါမည်။ နှစ်ပေါင်း 30 အတွင်း ဤကဲ့သို့ သစ်ပင်အရိပ်ရနေရာတစ်ခု ဖြစ်လာစေရန် ပျမ်းမျှကုန်ကျစရိတ်သည် တစ်နှစ်လျှင် $25.5 သန်းရှိသည်။ နှိုင်းယှဉ်ကြည့်လျှင် ၎င်းသည် 2022 ဘဏ္ဍာနှစ်မြို့တော်ဘတ်ဂျက်၏ 0.5% အောက်သာ ရှိသည်။

သစ်ပင်များတွင် နှစ်ပေါင်း 30 ကြာ ရင်းနှီးမြှုပ်နှံမှုသည် အောက်ပါအကျိုးကျေးဇူးများ ရှိနိုင်သည်-

တစ်နှစ်လျှင် မဖြစ်အောင် တားဆီးနိုင်မည့် အရွယ်မတိုင်မီ သေဆုံးမှုပေါင်း
**400**

\+

အချိန်ပြည့် အလုပ်အကိုင်
**1,000**

\+

သဘာဝ ပတ်ဝန်းကျင် အကျိုးကျေးဇူးများနှင့်အတူ တစ်နှစ်လျှင် ဒေါ်လာသန်း
**20**

\+

ရာဇဝတ်မှု
**12%**
လျှော့ချနိုင်မှု

## ကျွန်ုပ်တို့၏ အနာဂတ်သစ်တော

Philly သစ်ပင်စိုက်ပျိုးထိန်းသိမ်းရေး စီမံကိန်း၌ တစ်မြို့လုံးတွင် မြို့ပြသစ်တောများ စိုက်ပျိုးရန်နှင့် ထိန်းသိမ်းစောင့်ရှောက်ရန် အကံပြုချက်များပါရှိသည်။ သို့သော် ထပ်ဆောင်းပံ့ပိုးကူညီမှုဖြင့် ကြီးမားသော ခြားနားချက်ကို ဖန်တီးနိုင်သည့် မြို့ပြဧရိယာများ ရှိပါသည်။ မြို့တော်နှင့် အကျိုးအမြတ်မယူသော မိတ်ဖက်များသည် အဆိုပါ ဦးစားပေးရပ်ရွာဒေသများနှင့် လက်တွဲလုပ်ဆောင်ရေးအပေါ် အာရုံစိုက်မည်ဖြစ်သည်။ ယင်းဒေသတွင် နေထိုင်သူများသည် သစ်ပင်အရိပ်ရနေရာ ပိုများလာခြင်းကြောင့် အကျိုးအရှိဆုံးဖြစ်စေရန် အခိုင်အမာ တောင်းဆိုကြသည်။

Philly သစ်ပင်စိုက်ပျိုးထိန်းသိမ်းရေး စီမံကိန်းကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရာတွင် သက်ဆိုင်သူများအကြား ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ယုံကြည်မှုတို့ လိုအပ်ပါသည်။ စီမံကိန်းတွင် ကာလတို၊ ကာလတစ်ဝက်နှင့် ကာလရှည် အကံပြုချက်များကို ခွဲခြားသတ်မှတ်သည့် လမ်းပြမြေပုံတစ်ခု ပါဝင်သည်။ အကံပြုချက်တစ်ခုစီကို အကောင်အထည်ဖော်ရန်အတွက် ရပ်ရွာလူထုနှင့် ပူးပေါင်းလုပ်ဆောင်ရန် ပြင်ဆင်ထားသည့် ကိုယ်စားလှယ် သို့မဟုတ် အဖွဲ့အစည်းတစ်ခုရှိသည်။

